ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အကြောင်းအရာ။ ။ ပန်လျှံနိုးကျေးရွာ၏စာတမ်း

ရက်စွဲ။ ။ ၂၀၂၀ခုနှစ် စက်တင်ဘာလ

ပန်လျှန်းကျေးရွာ

ဟိုပုံးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉- ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်လျှန်းကျေးရွာ၊ ဟိုပုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာ သယံဇာတပြမြေပုံ၊	
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	
	အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး	
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၀


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်လျန်းကျေးရွာ၊ ဟိုပုံးမြို့နယ်

ပန်လျှန်းကျေးရွာ သယံဇာတပြမြေပုံ၊ဟိုပုံးမြို့နယ်



ပန်လျှန်းကျေးရွာ ရာသီခွင်ပြက္ခဒိန်ဟိုပုံးမြို့နယ်

ပန်လျှန်းကျေးရွာတွင်းနှင့် ကျေးရွာပြင်ပဆက်စပ်မှုပြပုံ၊ဟိုပုံးမြို့



အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်လျန်းကျေးရွာသည်ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ဟိုပုံးမြို့အရှေ့ဘက် (၁၃) မိုင်ခန့်ဝေးသောစင်ေကျေးရွာအုပ်စုတွင်တည်ရှိပြီးဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာ၏ အနောက်ဘက်တွင်လုံခုတ်အုပ်စု၊တောင်ဘက်တွင်ဖက်ရမ်းအုပ်စု၊မြောက်ဘက်တွင် ဘော်ကုန်းအုပ် စုတို့တည်းရှိပါသည်။တောင်ပေါ်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုး ရေးဖြစ်ကာမွေးမြူရေးကိုလည်းတစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ကျေးရွာသည်တောင်ပေါ်ဒေသ ဖြစ်သဖြင့် ချောင်းရေကြီးခြင်းမှ လွတ်ကင်းသည်။ ကျေးရွာအနီးတွင်တောတောင်များရှိသည်။ ကျေးရွာမှစိုက်ပျိုးရေးတွင် လယ်စပါး၊ယာစပါး၊ ပြောင်း၊ထောပတ်၊သနပ်ဖက်တို့ကို အများဆုံးစိုက် ပျိုးကြသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုး များအများဆုံးနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်လျန်းကျေးရွာ၏ ရွာသီဥတုမှာ တစ်နှစ်ပတ်လုံးအေးမြစိုစွတ်သောရာသီဥတုဖြစ်ပါ သည်။စိုက်ပျိုးနိုင်သောမြေဧရိယာမှာ ဥယျာဉ်ခြံမြေ(၈၀)ဧက နှင့်ယာမြေ/တောင်ယာ မြေ(၅၈)ဧက၊ မြေလွတ်မြေလပ်(၆၀)ဧက စုစုပေါင်း(၁၉၈)ဧကရှိပါ သည်။ မြေဆီလွှာအရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ ရှာဖွေတွေ့ခြင်းမရှိပါ။သစ်တောများပြုန်းတီးမှုများလာသဖြင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါရှားပါးနေပြီဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ပန်လျန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၄)စုနှင့်ကျား(၁၅၆)၊မ(၁၆၄)ဦးဖြင့် လူဦးရေ ပေါင်း(၃၂၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ကျေးရွာတွင် ရှမ်းလူမျိုးများနေ ထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေ၏ (၇၅.၉၃%)ရှိသဖြင့် လူသား အရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အရွယ်သည် မှီခိုသူ ဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပန်လျန်းကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့ရှိပါသည်။ကျေးရွာရှိအဖွဲ့အစည်းအား လုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက် ၍ ကျေးရွာ၏လုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ ယင်းအဖွဲ့များ တွင် အမျိုးသမီးများပါဝင်လှုပ်ရှား ဆောင်ရွက်မှု အသင့်အတင့်ရှိသည်။ပညာရေးတွင် ကျောင်းကော် မတီအဖွဲ့မှကျေးရွာ မူလတန်းကျောင်း၏ဖွံ့ဖြိုးရေးကို တက်ညီလက်ညီကူညီဆောင် ရွက်ပေးသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ပန်လျန်းကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။သနပ်ဖက်၊ထောပတ်၊ကော်ဖီကို့ကိုအဓိကစိုက်ပျိုးကြပြီးမြေပဲ ကိုမိမိတို့အိမ်စားသုံးရန်အတွက်သာ တနိုင်တပိုင်စိုက်ပျိုးကြပါသည်။

တောင်သူအများစုသည်မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြသော်လည်းစိုက်ပျိုးရေးလုပ် ငန်းခွင်အတွက် ငွေကြေးအရင်းအနှီး မပြည့်စုံမှုနှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှု ပြဿနာကို ရင်ဆိုင်ရတက်ပြီး ငွေကြေးအရင်းအနှီးအတွက် သီးနှံပွဲစားများထံမှ အတိုးပေးပြီး ငွေကြေးအရင်း အနှီးများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။

ကျေးရွာတွင်အဆင့်မြင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်၊သုံးစွဲနိုင်သောအိမ်ထောင် စုမရှိဘဲ အများစုမှာမိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ဝက် နှင့်ကြက်အနည်းငယ်ရှိသဖြင့် သဘာဝမြေဩဇာများကိုအနည်းငယ်သာအသုံးပြုကြပြီး ဓါတ်မြေဩ ဇာများကိုသာ အများဆုံးအသုံးပြုကြပါသည်။ဓါတ်မြေဩဇာများကိုလည်းဟိုပုံးစျေးတွင် အလွယ် တကူဝယ်ယူ ရရှိနိုင်သည်။ ထွက်ကုန်များကိုလည်းဟိုပုံးစျေးနှင့်တောင်ကြီးစျေးတို့တွင်ရောင်း ချနိုင်သည်။ ဆေးဆိုင်များမှရောင်းချသည့် ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများကိုသာအသုံးပြုကြ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မြင်း၊ကျွဲ၊ဝက်၊ကြက်စသည် တိရစ္ဆာန်တို့ကို တပိုင်တနိုင်သာမွေးမြူကြပါ သည်။ စားကျက်မြသီးသန့်မရှိသောကြောင့် မွေးမြူသူဦးရေနည်းပါး ခြင်းဖြစ်သည်။ ပြောင်းသီးနှံများကို စိုက်ပျိုးကြသော်လည်းတိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုနည်းပါသည်။စိုက်ပျိုး ရေးကိုသာအဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေး ကိုစီးပွားဖြစ်လုပ်ကိုင်ကြခြင်းမရှိပါ။ရေနှင့်မြေနေ ရာအသင့်အတင့်ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန် ရောဂါများကြောင့်သေဆုံး

ပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့်ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများသည်မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန်ချေးငွေနှင့်နည်းပညာ ကိုအလွယ်တကူမရရှိနိုင်ချေ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာအိမ်တွင် ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ ပန်းရံနေ့စား၊လက်သမားနေ့စား၊ အိမ်ဆိုင်ဖွင့်ကာ စားသောက်ကုန်နှင့်လူသုံးကုန် အရောင်း ဆိုင်များဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ချေကိုက်မှု အနည်းအပါးမှာ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားများမှာစိုက်ပျိုးရာသီတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန် များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပန်လျှန်းကျေးရွာတွင် ငွေတိုးချေးသူများထံမှ အတိုးနှုန်း(၅)ကျပ်ဖြင့် ချေးယူပြီး စားဝတ်နေရေး ဖြေရှင်းကြရသည်။ကျေးရွာတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို ချေးယူခြင်းမရှိပါ။ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်း မျိုးစုံ (စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေး)တို့အတွက် အထူးသဖြင့် စားဝတ်နေရေးအတွက် ချေးယူကြရပြီး ကျေးရွာတွင်ချေးငွေလိုအပ် ချက်များပြားကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် အကြွေးတင်ရှိမှုကိုလေ့လာဆန်း စစ်ချက်အရ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများသည် အကြွေးငွေ (၂)သိန်းမှ (၅)သိန်း အထိ ချေးယူကြောင်း တွေ့ရှိရပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များရှိပြီး အဆင်ပြေသောအိမ်အချို့တွင်နှင့်ကားများရှိပါ သည်။ကျေးရွာတွင်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲသည်။ ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်းများ အနေဖြင့်မြေသားလမ်း များဖြစ်သည့်အတွက်မိုးရာသီတွင်သွားလာရာအလွန်ခက်ခဲပါသည်။ ရွံစေးဆန်သော မြေဖြစ်သောကြောင့် မိုးအနည်းငယ်ကျရုံနှင့်ပင် လမ်းသားများချော်ထွက်နေသဖြင့် ယာဉ်များ၊လူများသွားလာရခက်ခဲကာ စိုစွတ်ရာသီဖြစ်သည့်အတွက် မိုးရာသီတွင် ခက်ခဲစွာသွားလာရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အသေးစားရေအားလျှပ်စစ်မီးသုံးစွဲသည့် အိမ်ခြေ(၆၄)အိမ်သုံးစွဲကြပါသည်။မဟာခါတ်အားလိုင်းနှင့် မဝေးကွာသော်လည်းမီးမရရှိသေးပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးတာဝါတိုင်နှင့်နီးသောကြောင့်ဖုန်းလိုင်းဆက်သွယ်ရေးကောင်းမွန်မှုရှိပါသည်။ အိမ်ထောင်စုတစ်ဝက်ခန့်မှာ TVနှင့်ဂြိုလ်တုစလောင်းများရှိသဖြင့် သတင်းအချက်အလက်များရရှိပါသည်။

၇။ ပညာရေး

ပန်လျှန်းကျေးရွာတွင် မူလတန်းကျောင်းကို (၆ဂ'x၃ဂ') နှစ်ထပ်သွပ်မိုး၊ အုတ်ကာ၊ အင်တေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ကျောင်းဆောင်အရေအတွက် လုံလောက်မှုမရှိခြင်းနှင့်ကျောင်းသုံးပရိဘောကများလည်း လုံလောက်မှုမရှိကြောင်းတွေ့ရပါသည်။ရွာသားအားလုံးမှာ စာရေးတက်ဖတ်တက်ကြပါသည်။ မူလတန်း အောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ဆရာ၊ဆရာမဦးရေမှာ(၆)ဦးရှိသဖြင့်ဆရာအင်အားလုံ လောက်မှုရှိသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသားများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့်ဗလာစာအုပ်များ အခမဲ့ပံ့ပိုးပေးခဲ့သည်။အလယ်တန်းနှင့် အထက်တန်းကို စငေါကျေးရွာ အထက(ခွဲ)ကျောင်းသို့သွားရောက်တက်ရပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင်ရေလောင်း/ယင်လုံအိမ်သာများကိုအိမ်ထောင်စု(၆၃)စုနှင့်အိမ်ထောင်စု (၁)စုမှာတွင်းအိမ်သာအသုံးပြုပြီး၀မ်းပျက်၀မ်းလျှောရောဂါ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရပါသည်။ သားဖွားခြင်းနှင့်ဖျားနာပါက ကျေးလက်ကျန်းမာရေးဆေးပေးခန်းနမ့်ဟူး တိုက်နယ်ဆေးရုံမှာရှာနှင့်(၃)မိုင်အကွာတွင်ရှိသဖြင့် ကျန်းမာရေးအတွက် လိုအပ်ပါကအခက်အခဲရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ဆေးဆိုင်ရှိသော်လည်းဆေးအမျိုး အစားစုံလင်မှုမရှိခြင်း၊ ဆေး၀ါးများအား စနစ်တကျ သိုလောင်ထားခြင်းတို့မရှိပါ။ ကျေးရွာတွင် ဆေးခန်းရှိသော်လည်း ကျန်းမာရေးအရကြီးကြီးမားမား ဖြစ်သည့်အခါ အနီးဆုံးဟိုပုံးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျန်းမာရေးဆရာမမှ လစဉ်ကာကွယ် ဆေးထိုးနှံပေးလျက်ရှိပါသည်။ ရောဂါပြင်းထန်ပါကရွာနှင့် တောင်ကြီးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင် အိမ်ထောင်စု (၆၄)စုအကုန်လုံး စိမ့်စမ်းရေထွက်မှုရေကို အိမ်တိုင်ရာရောက်ရေသွယ်အသုံးပြုကြသည်။ သို့သော်နွေရာသီနှင့် ဆောင်းရာသီတွင် ရေခန်းခြောက်မှုရှိသဖြင့်သောက်သုံးရေးခက်ခဲမှုရှိကြောင်း တွေ့ရှိရပါ သည်။ ရေအရည် အသွေးစစ်ဆေးထားခြင်းမရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်သဘာဝပတ်ဝန်းကျင်ထိန်းသိန်းမှုအနေဖြင့် ကျေးရွာပတ်ဝန်းကျင်တွင် ယခင်က တောတောင်များ၊သစ်မာပင်ကြီးများ၊တောတိရစ္ဆာန်များပြားစွာရှိခဲ့သော်လည်း လူတို့၏ သစ်အလွန်အကျွံခုတ်မှုများ၊ တောင်ယာခုံထွင်မှုများ၊တောမီးရှို့မှုများ၊လူနေအိမ်ခုံ ထွင်မှုများကြောင့် သစ်တောသစ်ပင်များနှင့်တောတိရစ္ဆာန်များ တဖြည်းဖြည်းပြုန်းတီးလာ ခဲ့ပြီးယခုအခါ သစ်မာပင်များ၊ တောတိရစ္ဆာန်များကိုမတွေ့ရတော့သလောက်ရှိပြီး ရေရှည်မထိန်းသိမ်းပါက တောပြုန်းခြင်းအန္တရာယ်ကို အတိအကျရင်ဆိုင်ရနိုင်ပါသည်။

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအလွန်အားနည်းပြီး အမှိုက်များအား လမ်းဘေးတွင်သာ စွန့်ပစ်ကြသည်သာများပြီး အမှိုက်ပုံဟူ၍ အတည်မရှိပါ။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုအားနည်း ပါသည်။ နေရာပေးရန် ယုံကြည်မှုမရှိခြင်း၊ ရှေးရိုးစွဲအယူအဆများစသည်တို့ကြောင့်ဖြစ် ပါသည်။ မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက် မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအား နည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မမရွေးတက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ် လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်းမရှိပါ။ မြို့နှင့်ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှအသိပညာပေးဟောပြောပွဲ များကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်း ဖြစ်ပွားမှုမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ရေလျှောင်ကန်တည်ဆောက်ခြင်း ၂၇'x ၁၆' x၇' ၂"ရေပိုက်ဝယ်ယူခြင်း(၁၉၀၀')	၁	✓				
၂	၂" GL ပိုက်လိုအပ်ခြင်း	၂		✓			
၃	ရေသန့်စက်လိုအပ်ခြင်း	၃		✓			
၄	ကျန်းမာရေးလုပ်သား(၁)ဦးလို အပ်ခြင်း	၄		✓	✓	✓	✓
၅	စာကြည့်တိုက်လိုအပ်ခြင်း	၅		✓	✓	✓	✓
၆	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၆		✓	✓	✓	✓
၇	ခန်းမဆောင်ဆောက်လုပ်ခြင်း	၇		✓	✓	✓	✓✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - ပန်လျှန်းကျေးရွာ ကျေးရွာအုပ်စု - စငေါအုပ်စု မြို့နယ် - ဟိုပုံးမြို့နယ် တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည် -ရေလှောင်ကန်တည်ဆောက်ခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ပန်လျှန်းစိမ့်စမ်းရေထွက်မှုရေကိုသာ သုံးစွဲရသောကြောင့် ဆောင်းရာသီနှင့်နွေရာသီတွင် ရေခန်းခြောက်မှုရှိသဖြင့် ရေမလုံလောက်သောကြောင့် ရေလှောင်ကန်တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာသူ/သားများ သောက်ရေ၊သုံးရေလုံလောက်မှုရှိစေရန် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ကျေးရွာတွင် ရေလှောင်ကန်ဆောက်လုပ်ပြီးပါက ကျေးရွာသူ/သားများသည် ရေကိစ္စအတွက်အချိန်ပေးရန် မလိုဘဲမိမိတို့၏သာရေး၊နာရေး၊ စီးပွားရေး၊လူမှုရေးကိစ္စများကို ပိုမိုအချိန်ပေးဆောင်ရွက်လာနိုင်ပါမည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ရေလှောင်ကန်တည်ဆောက်ခြင်း ၂၇'×၁၆'×၇' ၂"ရေပိုက်ဝယ်ယူခြင်း(၁၉၀၀')
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• (ငွေသား) ကျပ် (၁၀၀) သိန်း	• ကျေးလက်ဦးစီး

• • (ပစ္စည်း/လုပ်အား) ကျပ်(၅၂.၁)သိန်း	• ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၆	၁၆၄	၃၂၀	၆	၂၃	၂၈	၇	၆၄
အကျိုးခံစားမည့်သူဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာလူငယ်အဖွဲ့
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၄.၃.၂၀၂၀

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁.၅.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှအဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီးတစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါဝင်ပေးရမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာပိုင် အဆောက်အဦ ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီပြန်လည်ပြင်ဆင်သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

စငေါကျေးရွာအုပ်စု၊ ပန်လျန်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ဦးခွန်အောင်ကျော်	၁၃/ဟပန(နိုင်)၀၁၉၆၂၁	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	ဦးခွန်သိန်းမောင်	၁၃/ဟပန(နိုင်)၀၃၃၀၉၈	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	ခွန်ဝင်းနိုင်	လျှောက်ထားဆဲ	ဘဏ္ဍာရေးမှူး	
၄။	ဒေါနန်းသန်းကြည်	၁၃/ဟပန(နိုင်)၀၁၉၄၇၆	စာရင်းကိုင်	
၅။	ဒေါနန်းမီဟိန်း	၁၃/ဟပန(နိုင်)၀၄၅၃၁၁	သော့ကိုင်(၁)	
၆။	ဒေါနန်းအုံးမေ	၁၃/ဟပန(နိုင်)၅၂၆၅၉	သော့ကိုင်(၂)	
၇။	ခွန်ထွန်းဝေ	၁၃/ဟပန(နိုင်)၀၈၀၆၅၉	အဖွဲ့ဝင်	ချက်လက်မှတ်ထိုး

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၆	၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၆	၁၃	၁၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀	၇	၁၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄	၅	၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၆	၁၁၇	၂၄၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၅	၂၅
စုစုပေါင်း		၁၅၇	၁၆၃	၃၂၀
စုစုပေါင်း အိမ်ထောင်စု				၆၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅ နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေပိုများသည်။ မှိခိုသူဦးရေနည်းပြီးအလုပ်လုပ်နိုင်သူဦးရေများသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်စုလျှင် (၅)ဦးသတ်မှတ်ဦးရေထက်တူညီသည်ကို တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၉	၁၅၀	၀	မြင့် ☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၀	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၈	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၀	၀	မြင့် ☐လတ် ☐နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅	၅၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပန်လျှမ်းကျေးရွာတွင် သနပ်ဖက်၊ ထောပတ်၊ ကော်ဖီ၊ လက်ဖက် စသည့်လုပ်ငန်းများကို စီးပွားရေးဖြစ်စိုက်ပျိုးသူအိမ်ထောင်စု(၄၉)ဦးရှိပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်ကြသည်။ တိရစ္ဆာန်မွေးမြူ အိမ်ထောင်စု၊ လက်သမား၊ ပန်းရံနှင့် အိမ်ဆိုင်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု အနည်းငယ်ရှိပြီး၊ ရာသီအလိုက်ကျပန်းလုပ်ကိုင်သူ အိမ်ထောင်စုများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၀	၅၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × **၈**)

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်အားခမှာ ကျား/မခွဲခြားမှုမရှိပါ။ ကျွမ်းကျင်လုပ်သားအတွက် လုပ်အားခမှာ ပိုများသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး** **(မှန်ရာတစ်ခုကိုသာရွေးရန်)**
လယ်မြေ	၀.၀၀	ကောင်း ☐သင့်☐ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၈.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၀.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်☐ညံ့ ☐
မြေလွတ်မြေလပ်	၆၀.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
စုစုပေါင်း	၁၉၈	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာ(ဧက) အနေဖြင့် တောင်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် အသုံးမပြုနိုင်သေးသော မြေလွတ်မြေလပ်များလည်းရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း☐ မရှိ ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခ က်☐အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပန်လျှံန်းကျေးရွာတွင် အခြားသဘာဝအရင်းအမြစ်များ အနေဖြင့် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများနည်းပါးပြီး သဘာဝအပင်မျိုးစိတ်အနေဖြင့် သစ်ဂျုိး၊ သစ်ခွ၊ တောင်ဆိတ်၊ ဖြူကောင်နှင့် ဂျီကောင်များရံဖန်ရံခါ ရရှိတက်ပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိေ ောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင ်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ ောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့်ဆိုင် သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၂၃	၂၈	၇

ရင်းမြစ်... (ခ) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် အိမ်ထောင်စု(၆၄)စုရှိပြီး မပြေလည်သောအိမ်ထောင်စုက ပိုများသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၁	၁
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၁၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၂
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုအနေဖြင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၀)စု၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၂)စုရှိပါသည်။ မသန်စွမ်းသည့် သက်ကြီးရွယ်အို(၂)ဦးရှိပြီး မိသားစုများမှ ကြည့်ရှုကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုမှာ တောင်ပေါ်ဒေသဖြစ်၍ စိုက်ပျိုးမြေချဲ့ထွင်ရန် ခက်ခဲခြင်းနှင့် စိုက်ပျိုးရေ မရရှိနိုင်ခြင်းတို့ဖြစ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☐ ၂ ☐ ၃ ☑	၇	၇	၁၄	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	လူငယ်	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	အမျိုးသမီး	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ပန်လျှံနှင်းကျေးရွာတွင် အဖွဲ့အစည်းများအနေဖြင့် အုပ်ချုပ်သူပေါင်းစပ်သူများအနေဖြင့် ရပ်မိရပ်ဖနှင့် သူကြီးက ဦးဆောင်ကြပါသည်။ လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့များရှိကြပြီး လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပါရမီ	၁ ☐ ၂ ☐ ၃ ☑ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	UNODC	၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☑ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် ပြည်ပအဖွဲ့အစည်းအနေဖြင့် ပါရမီအဖွဲ့အစည်းမှ သက်မွေးသင်တန်းအဖြစ် ဆိုင်ကယ်ပြင် သင်တန်းအား ဖွင့်လှစ်သင်ကြားပေးပြီး UNODC မှ မျိုးစေ့နှင့်အခွံနွာစက်များ ထောက်ပံ့ပေးကြောင်း သိရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၆	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၆၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် အိမ်ထောင်စု(၆၄)စုရှိပြီး တောင်ပေါ်ဒေသဖြစ်သဖြင့် စိုက်ပျိုးမြေကမချဲ့ထွင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၆၄.၀၀	တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် ရေအရင်းအမြစ်မှာစိမ့်စမ်းရေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
သနပ်ဖက်	၁၀၀	ဝိဿာ	၁၀၀	၇၅	၈၇.၅	ဧပြီ	သြဂုတ်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ထောပတ်	၂၀	အိတ်	၃၀	၅၀	၄၀	ဧပြီ	သြဂုတ်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ကော်ဖီ	၁၀	ဝိဿာ	၃၀	၆၀	၄၅	ဧပြီ	သြဂုတ်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
လက်ဖက်	၁၀	ဝိဿာ	၆၀	၄၅	၅၂.၅	ဧပြီ	သြဂုတ်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

သီးနှံ	စုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် သနပ်ဖက်၊ ထောဖက်၊ ကော်ဖီ ၊ လက်ဖက် စသည့် အများဆုံးစိုက်ပျိုးကြပြီး သွင်းအားစု၊ အလယ်အလတ်ရှိပြီး ဈေးကွက်ရှားပါးသဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၁၁	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်လျှန်းကျေးရွာတွင် တောင်ပေါ်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးရေးသုံးကိရိယာ အနေဖြင့် မြက်ရိတ်စက်များသာ အိမ်အနည်းငယ်သာ ဝယ်ယူအသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

